(Burmese)

# Buffalo အစိုးရကျောင်းများ

# ကွန်မြူနတီအနှံ့ စီမံခန့်ခွဲမှုနှင့် ပါဝင်ဆောင်ရွက်မှု အကူအညီများအတွက် စံနှုန်းများ

**2022-2025**

# ကျောင်းသားကျင့်ဝတ်စည်းမျဉ်း

**Dr. Tonja M. Williams**
**ကျောင်းများဆိုင်ရာ ကြီးကြပ်သူ**
**www.buffaloschools.org**

## ကျင့်ဝတ်စည်းကမ်း ဘာကြောင့်ရှိရသလဲ။

ကျင့်ဝတ်စည်းကမ်းရှိရခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းပရဝုဏ်တွင် ဘေးကင်းမှုနှင့် အစီအစဉ်တကျရှိမှုကို တိုးမြှင့်ပေးမည့် အပြုအမူအတွက် ရှင်းလင်းသောမျှော်မှန်းချက်များ သတ်မှတ်ရန် ဖြစ်သည်။ တတ်နိုင်သမျှ အကောင်းဆုံး လေ့လာသင်ယူမှုပတ်ဝန်းကျင်ကို ကျောင်းသားများ ရရှိစေရန် ၎င်းကိုလိုအပ်သည်။

ကျောင်းများကို ဂရုတစိုက်ရှိသည့် လေ့လာသင်ယူမှု ကွန်မြူနတီများ တည်ဆောက်ရန် ယဉ်ကျေးမှု၊ ရည်မွန်သော ဟန်အမူအရာနှင့် အခြားသူများပေါ် ဂရုစိုက်ခြင်းတို့ပြင် ကိုယ်တိုင်စည်းကမ်းသေဝပ်မှုနှင့် အုပ်ချုပ်သူကို သင့်လျော်သည့်လေးစားမှုပေးခြင်းတို့ လိုအပ်သည်။

## ကျင့်ဝတ်စည်းကမ်း ပြဋ္ဌာန်းရာတွင် ကူညီရန် ကျောင်းသားများက မည်သည့်အခန်းကဏ္ဍတွင် ပါဝင်သနည်း။

ကျောင်းသားများသည် ကျောင်းတွင် ဘေးကင်းမှုနှင့် နေရာတကျရှိမှုတို့ကို ထိန်းသိမ်းရန်နှင့် ကျင့်ဝတ်စည်းကမ်း ပြဋ္ဌာန်းရန် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သည်။ ကျောင်းသည် လေ့လာသင်ယူရန်နေရာ ဖြစ်ပြီး ထိုသို့ဘေးကင်းပြီး အလုပ်ပြီးမြောက်မှုရှိသော နေရာ ဖြစ်လာစေရန် သင်၏အကူအညီက အရေးကြီးသည်။

ဆရာ၊ ကျောင်းအုပ် (သို့) အခြားကျောင်းဝန်ထမ်း အဖွဲ့ဝင်တို့အပေါ် ကျောင်းသားများက ကျင့်ဝတ်စည်းကမ်း ချိုးဖောက်မှုများကို ချက်ချင်းတိုင်ကြားရပါမည်။ ၎င်းတွင် ကျောင်းပရဝုဏ် (ကျောင်းကားများ အပါအဝင်) သို့မဟုတ် ကျောင်းမှပွဲများတွင် အခြားသူများက လက်နက်များ၊ အယ်လ်ကိုဟော (သို့) တရားမဝင်ပစ္စည်းများ ပိုင်ဆိုင်သည်ကိုတွေ့ရှိသော ကျောင်းသားများပါဝင်သည်။

## ကျောင်းသားများအတွက် မျှော်မှန်းချက်များမှာ ဘာလဲ။

အခြားသူများ ဘေးကင်းမှုနှင့် နေထိုင်ကောင်းမွန်မှုအတွက် သင့်လျော်ပြီး ယဉ်ကျေးသော အပြုအမူဖြင့် ဆောင်ရွက်ကြရန် ကျောင်းသားအားလုံးကို မျှော်မှန်းထားသည်။ ကျင့်ဝတ်စည်းမျဉ်းများအရ ကျောင်းသားတစ်ယောက်အနေနှင့် အောက်ပါတို့ဆောင်ရွက်ရန် မျှော်မှန်းပါသည်-

- သင့်အရည်အချင်းအတိုင်း အကောင်းဆုံးဆောင်ရွက်ပြီး အမြင့်ဆုံး အောင်မြင်မှုအဆင့်အတွက် ကြိုးပမ်းရမည်။
- နေ့စဉ်ကျောင်းတက်ရောက်ပြီး စာသင်ခန်းတွင် အချိန်မှန်ရှိကာ လေ့လာသင်ယူရန် အသင့်ဖြစ်နေရမည်။
- အဝတ်အစားသတ်မှတ်ချက်နှင့် အီလက်ထရွန်းနစ်ပစ္စည်း အသုံးပြုမှု သတ်မှတ်ချက်တို့ အပါအဝင် ကျောင်းသားဆိုင်ရာ သင့်လျော်သည့်ဆောင်ရွက်ချက်အတွက် စည်းမျဉ်းများကို လိုက်နာရမည်။
- စည်းကမ်းဆိုင်ရာ ပစ်ဒဏ်ရရှိနိုင်သော ပြဿနာများ ဖြေရှင်းရာတွင် ကျောင်းဝန်ထမ်းထံမှ အကူအညီတောင်းခံရမည် (ကျောင်း၏ ဆွေးနွေးတိုင်ပင်သူ၊ လူမှုရေးလုပ်သား၊ Say Yes ဝန်ထမ်း)။
- ဆရာများ၊ စီမံခန့်ခွဲသူများ၊ အခြားကျောင်းဝန်ထမ်းများနှင့် သင့်အတန်းဖော်များကို လေးစားပြီး အပြုသဘောဆောင်သော အပြုအမူဖြင့် ဆက်ဆံရမည်။
- သင့်လုပ်ဆောင်ချက်များအတွက် တာဝန်ခံယူရမည်။
- အခြားသူများအား အန္တရာယ် (သို့) ထိခိုက်မှုမှ ကာကွယ်ရာတွင် ကူညီနိုင်သည့် အချက်အလက်မှန်သမျှကို ကျောင်းအရာရှိများထံ သတင်းပို့ရမည်။
- ဘေးကင်းပြီး အစီအစဉ်ကျသော ကျောင်းပတ်ဝန်းကျင်အတွက် ပါဝင်ဆောင်ရွက်ပြီး အခြားသူများကို လေးစားမှုရှိရမည်။
- ပေးထားသော အတန်းစာအားလုံး ပြီးစီးရမည်။
- ကျောင်းစီမံခန့်ခွဲသူ၊ ဝန်ထမ်းနှင့် ဌာန၏ တောင်းဆိုချက်များကို နားထောင်ရမည်။
- ကျောင်းပိုင်ပစ္စည်းကို ရိုသေရမည်။
- ဆီလျော်သောအသုံးအနှုန်း အသုံးပြုရမည်။

## ကျင့်ဝတ်စည်းကမ်းဖောက်ဖျက်မှု ပေါ်ပေါက်လာပါက ဘာလုပ်ရမလဲ-

- သင့်ဆရာကို ပြောပြပါ
- ကျောင်းသားအကူအညီအဖွဲ့၏ (SST) ရုံးခန်းသို့ သွားရန် ခွင့်တောင်းပါ
- 10 အထိ ရေပါ
- အသက်ပြင်းပြင်းရှူပါ
- ကျောင်းဝန်ထမ်းအဖွဲ့ဝင်ကို အကူအညီတောင်းပါ
- ဒုက္ခကြုံတွေ့ရချိန်တွင် ကူညီမည့် အစီအစဉ်တစ်ခု သင့်ဆရာနှင့်အတူ ရေးဆွဲပါ
- စာသင်ခန်းအတွက် အသင့်ပြင်ပါ
- အချိန်မှန်ရောက်ပြီး အတန်းထဲတွင် စာသင်ရန် အသင့်ဖြစ်ပါစေ
- သတ်မှတ်ထားသောနေရာတွင် တစ်ချိန်လုံး ရှိပါစေ
- မိဘ၊ ဘိုးဘွားနှင့် အခြားမိသားစုအဖွဲ့ဝင်များကို ပြောပြပါ

## ကျောင်းသားအနေနှင့် ကျွန်ုပ်၏ အခွင့်အရေးနှင့် တာဝန်ခံယူမှုများက ဘာလဲ။

**ကျောင်းသားများသည် အောက်ပါ အခွင့်အရေးများရှိသည်-**

- မိမိ၏တရားဝင် စောင့်ရှောက်မှုပေးသူ (သို့) တရားဝင်အုပ်ထိန်းသူ နေထိုင်သည့် ခရိုင်တွင် ကျောင်းတက်ရောက်ပြီး ဥပဒေကပြဋ္ဌာန်းသည့်အတိုင်း အသက် 5 မှ 21 နှစ်အထိ အခမဲ့နှင့် သင့်လျော်သော အစိုးရပညာရေးကို ရရှိရမည်။

- ကျောင်းသားအားလုံးအတွက် ကျောင်းသည်ဘေးကင်း၍ အစီအစဉ်တကျဖြစ်ပြီး ပညာတတ်မြောက်ရန်နှင့် မျှတစွာ ဆက်ဆံခံရမည့် ရည်ရွယ်ချက်ပြည့်စုံသော နေရာတစ်ခုဖြစ်မည်ဟု မျှော်မှန်းနိုင်သည်။

- လူပုဂ္ဂိုလ်တစ်ဦး အနေနှင့် လေးစားခံရပြီး အခြားကျောင်းသားနှင့် ကျောင်းဝန်ထမ်းများက ယဉ်ကျေးစွာ၊ မျှတစွာနှင့် လေးစားစွာ ဆက်ဆံခံရမည်။
- မိမိ၏ထင်မြင်ချက်ကို စကားဖြင့် (သို့) ရေးသား၍ ဖော်ပြနိုင်ရမည်။

- မိမိ၏ကိုယ်ရည်ကိုယ်သွေးကို ဖော်ပြရန် နည်းလမ်းတစ်ခုဖြင့် ဝတ်စားဆင်ယင်နိုင်ရမည်။

- ညီမျှပြီး သင့်လျော်သော ပညာရေးဆိုင်ရာ အခွင့်အလမ်းများ လက်လှမ်းနိုင်ရမည်။

- လူမျိုး၊ အသားအရောင်၊ အယူဝါဒ၊ ကိုးကွယ်မှု၊ ကျင့်သုံးသည့်ဘာသာ၊ လိင်၊ လိင်တိမ်းညွှတ်မှု၊ ကျား/မ သတ်မှတ်မှု၊ မူလနိုင်ငံ၊ တိုင်းရင်းသားအုပ်စု၊ နိုင်ငံရေး နှီးနွှယ်မှု၊ အသက်၊ အိမ်ထောင်ရေးအခြေအနေ (သို့) မသန်စွမ်းမှုတို့အတွက် ညီမျှသောအခြေအနေဖြင့် ကျောင်းလှုပ်ရှားမှုအားလုံးတွင် ပါဝင်နိုင်ရမည်။

- မူးယစ်ဆေးဝါးနှင့် အယ်လ်ကိုဟော အလွဲသုံးခြင်းနှင့် ပတ်သက်သော သက်ဆိုင်မှုရှိပြီး ဓမ္မဓိဋ္ဌာန်ကျသည့် အချက်အလက်များ ရရှိခွင့်အပြင် ဆိုးရွားသော ကိုယ်ရေးကိုယ်တာ ပြဿနာများရှိသည့် ကျောင်းသားများအား တိုက်ရိုက်အကူအညီ ပေးနိုင်သည့် လူပုဂ္ဂိုလ်များ (သို့) အေဂျင်စီများကို ဆက်သွယ်ခွင့် ရှိရမည်။

- ဝန်ထမ်း (သို့) ကျောင်းသားများက ကျောင်းပရဝုဏ် (သို့) ကျောင်းကပံ့ပိုးသည့် အစီအစဉ်၊ ပွဲ (သို့) လှုပ်ရှားမှုတွင် လူမျိုး၊ အသားအရောင်၊ ကိုယ်အလေးချိန်၊ မူလနိုင်ငံ၊ တိုင်းရင်းသားအုပ်စု၊ ကိုးကွယ်မှု (သို့) ကျင့်သုံးသည့်ဘာသာ၊ လိင်၊ ကျား/မသတ်မှတ်မှု၊ လိင်တိမ်းညွှတ်မှု (သို့) မသန်စွမ်းမှုပေါ်အခြေခံပြီး ချိန်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း (သို့) ခွဲခြားဆက်ဆံခြင်းတို့မှ အကာအကွယ်ရရှိမည်။

## ကျောင်းသားများသည် အောက်ပါတာဝန်ခံယူမှု ရှိသည်-

1. နေ့စဉ်၊ ပုံမှန်၊ အချိန်မှန် ကျောင်းတက်ရောက်ပြီး ကျောင်းစာများလုပ်ကာ တတ်နိုင်သမျှ အကောင်းဆုံးအရည်အသွေးဖြင့် ဆောင်ရွက်ရန် ကြိုးပမ်းရမည်။ လေ့လာသင်ယူရန် အသင့်ပြင်ထားရမည်။ ကောင်းမွန်သောပညာရေးကို လက်ခံရရှိမည့် အခွင့်အလမ်းကို ရရှိရမည်

2. ကျောင်းသား၏ အပြုအမူကို ထိန်းသိမ်းသည့် စည်းကမ်းနှင့် မျှော်မှန်းချက်အားလုံးကို သတိပြုပြီး အဆိုပါလမ်းညွှန်ချက်များနှင့်အညီ ကိုယ်တိုင်ဆောင်ရွက်ရမည်

3. ကျောင်းကွန်မြူနတီရှိ လူတိုင်းကို လေးစားပြီး မိမိကိုယ်ကို ဆက်ဆံစေလိုသည့် ဟန်အမူအရာဖြင့် အခြားသူများကို ဆက်ဆံရမည်

4. အနှောင့်အယှက်ပေးခြင်း၊ အသရေဖျက်ခြင်း (သို့) အခြားသူများ၏ အခွင့်အရေးနှင့် ခံစားခွင့်များကို ကန့်သတ်ခြင်းတို့ မဖြစ်အောင် ထင်မြင်ချက်များ၊ စိတ်ကူးများကို လေးစားမှုရှိသော ဟန်အမူအရာဖြင့် ဖော်ပြရမည်

5. ခန္ဓာကိုယ်ကျန်းမာရေး၊ ဘေးကင်းမှု၊ ကျောင်းလှုပ်ရှားမှုများတွင် ပါဝင်ရန် ကန့်သတ်မှု (သို့) လွန်လွန်ကဲကဲ စိတ်ပျံ့လွင့်စေမှုတို့ မဖြစ်အောင် အဝတ်အစားသတ်မှတ်ချက်နှင့်အညီ သင့်တင့်လျောက်ပတ်စွာ ဝတ်ဆင်ရမည်

6. မိမိ၏စွမ်းရည်များ အမြင့်ဆုံး အသုံးချရန်၊ တည်ဆောက်ရန်အတွက် ရနိုင်သော ပညာရေးဆိုင်ရာ ပရိုဂရမ်များအကြောင်း သိရှိရမည်

**7.** ပညာရပ်ဆိုင်ရာနှင့် သင်ခန်းစာပြင်ပ လှုပ်ရှားမှုများတွင် မိမိ၏ အကောင်းဆုံး လုပ် နိုင်စွမ်းဖြင့် ဆောင်ရွက်ရမည့်အပြင် အခြားသူများအပေါ် မျှတ၍ အကူအညီလည်း ပေးရမည်

**8.** အချက်အလက်များနှင့် ဝန်ဆောင်မှုများအကြောင်း သိရှိပြီး ကိုယ်ရေးကိုယ်တာ ပြဿနာများ ဖြေရှင်းရာတွင် သင့်လျော်သည့်အခါ အကူအညီရှာရမည်

**9.** ခရိုင်ကျင့်ဝတ်စည်းကမ်းနှင့် ဂုဏ်သိက္ခာဆိုင်ရာ အက်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တစ်ဦးနှင့်တစ်ဦး လေးစားမှုရှိပြီး အခြားသူများကို မျှတစွာဆက်ဆံရမည်

**10.** မိမိတို့ကိုယ်တိုင် ခြိမ်းခြောက်မှု၊ နှောင့်ယှက်မှု (သို့) ခွဲခြားဆက်ဆံမှုမှ ကင်းဝေးသော ပတ်ဝန်းကျင်ဖြစ်စေသည့် ဟန်အမူအရာဖြင့် ဆောင်ရွက်ရမည်။

**11.** ခြိမ်းခြောက်မှု၊ နှောင့်ယှက်မှု (သို့) ခွဲခြားဆက်ဆံမှု အဖြစ်အပျက်တစ်စုံတစ်ရာရှိပါက သတင်းပို့ရမည် (သို့) သတင်းပို့ရန် အခြားသူများအား အားပေးရမည်။

## ကျွန်ုပ်လိုက်နာရမည့် အဝတ်အစားသတ်မှတ်ချက်က ဘာလဲ။

ကျောင်းပရဝုဏ် (သို့) ကျောင်းမှပွဲတွင် ရှိချိန်၌ အဝတ်အစားသတ်မှတ်ချက်က အလွန်အရေးကြီးသည်။ ကျောင်းသွားရန်ပြင်ဆင်သောအခါ ပညာသင်ကြားမှု လုပ်ငန်းစဉ်တွင် အနှောင့်အယှက်မဖြစ်စေရန်နှင့် ပညာရှင်ပီသသော လေ့လာသင်ယူမှုပတ်ဝန်းကျင်ကို လေးစားမှုရှိစေရန် သင့်တင့်လျောက်ပတ်စွာ ဝတ်ဆင်ရမည်ကို သတိပြုပါ။ ဥပမာ-

- ထွင်းဖောက်မြင်ရသော၊ အလွန်အမင်းကျပ်သော (သို့) အလွန်အမင်းတိုသော (ဘောင်းဘီရှည်၊ စကပ်၊ ဘောင်းဘီတိုနှင့် အင်္ကျီ) မည်သည့်အဝတ်အစားကိုမျှ မဝတ်ရပါ။

- ဘောင်းဘီရှည်ကို ခါးတွင်ဝတ်ဆင်ခြင်း အပါအဝင် အတွင်းဝတ်အားလုံးကို ဆီလျော်သော အပြင်ဝတ်များဖြင့် လုံအောင်ဝတ်ဆင်ရမည်။

- ဘေးကင်းပြီး သင့်လျော်သော ဖိနပ်ဝတ်ဆင်ပါ။ မသင့်လျော်သောဖိနပ်တွင် နောက်ပွင့် ရှူးဖိနပ်များ (ဆိုလိုသည်မှာ ခြေညှပ်ဖိနပ်များ၊ အိမ်တွင်းစီးဖိနပ်များ) ပါဝင်သော်လည်း ၎င်းတို့ကို ကန့်သတ်ထားခြင်းမဟုတ်ပါ။ မှတ်တမ်းပြသနိုင်သော ကုသမှုဆိုင်ရာ အခြေအနေအတွက်သာ ခြွင်းချက်ထားပါမည်။

- ကုသမှုဆိုင်ရာ (သို့) ဘာသာရေးဆိုင်ရာ အကြောင်းပြချက်များအတွက် သတ်မှတ်ထားသော ခေါင်းဆောင်းကိုသာ ဝတ်ဆင်ရပါမည်။

- ရိုင်းပျသော၊ ဟီရိုသြတ္တပ္ပကင်းမဲ့သော၊ မဖွယ်မရာသော၊ အခြားသူများအား အသရေပျက်စေသော (သို့) သိက္ခာချသော သို့မဟုတ် ပညာသင်ကြားမှု ပရိုဂရမ်ကို ဟန့်တားစေသည့် ကျောင်းအတွက်အနှောင့်အယှက်ဖြစ်စေသော ဝတ်စားဆင်ယင်မှုကို မပြုရပါ။

- အယ်လ်ကိုဟော၊ ဆေးရွက်ကြီး (သို့) အခြား တရားမဝင်ဆေးဝါးများကို အရောင်းမြှင့်တင်သော/ သို့မဟုတ် ထောက်ခံသော/သို့မဟုတ် ဥပဒေနှင့်မညီသော (သို့) အကြမ်းဖက်သော အခြားလှုပ်ရှားမှုများကို အားပေးသော ဝတ်စားဆင်ယင်မှုကို မပြုရပါ။

- ခေါင်းဆောင်းပါသည့် အနွေးထည်အင်္ကျီများ (သို့မဟုတ် "ဟူဒီများ") ဝတ်နိုင်သော်လည်း အဆောက်အအုံများအတွင်း ခေါင်းဆောင်း အမြဲချွတ်ထားရမည်။

- လက်နက်ဟုယူဆနိုင်သော လက်ဝတ်ရတနာ မဝတ်ရပါ။ ခါးပတ်များကို ကွင်းထိုးထားရမည်။

- ဂိုဏ်းအဖွဲ့ဝင်သင်္ကေတအဖြစ် သိရှိနိုင်သော (သို့) ဆက်နွယ်သော အဝတ်အစားမဝတ်ရပါ။

*****မှတ်ချက်- အဝတ်အစားသတ်မှတ်ချက် ချိုးဖောက်သော ကျောင်းသားများသည် ချိုးဖောက်သောအရာကို ဖုံးအုပ်ခြင်း (သို့) ချွတ်ခြင်းဖြင့် ၎င်းအသွင်သဏ္ဌာန်ကို ပြုပြင်ရမည်ဖြစ်ပြီး လိုအပ်ပါက/သို့မဟုတ် လက်တွေ့အသုံးကျပါက လက်ခံနိုင်သောအရာဖြင့် လဲလှယ်ရပါမည်။ ထိုသို့လုပ်ဆောင်ရန် ငြင်းဆိုသည့်ကျောင်းသားများသည် အဆိုပါ ကွန်မြူနတီအနေနဲ့ ကျင့်ဝတ်နှင့် ပါဝင်ဆောင်ရွက်မှု အကူအညီများအတွက် စံနှုန်းများနှင့်အညီ စည်းကမ်းထိန်းသိမ်းခံရနိုင်သည်။ အဝတ်အစားသတ်မှတ်ချက် ချိုးဖောက်မှုသည် ကျား/မသတ်မှတ်မှုအလိုက် ပညာသင်ကြားမှုဆိုင်ရာ အခွင့်အလမ်းများတွင် ကွာဟချက်များ မဖြစ်စေရပါ။**

## အီလက်ထရွန်းနစ်စက်ပစ္စည်းများ အသုံးပြုမှုနှင့် ပတ်သက်သည့် စည်းမျဉ်းများက ဘာလဲ။

ကျောင်းသားထံမှ ဆဲလ်ဖုန်းကို သိမ်းယူရရှိသောအခါ ဝန်ထမ်းသည် ကျောင်းသား၏ မိဘ(များ)/ အုပ်ထိန်းသူ(များ)ထံသို့ ချက်ချင်းအကြောင်းကြားမည်ဖြစ်ပြီး ၎င်းတို့က ကလေးနှင့် နောက်ထပ်စီစဉ်မှုများ (ဆက်သွယ်ပြောဆိုမှု နည်းလမ်းများ) ပြုလုပ်နိုင်ပါမည်။ ဤ Buffalo အစိုးရကျောင်းများ ကျင့်ဝတ်စည်းကမ်းရှိ သိမ်းယူရန်ပြဋ္ဌာန်းချက်တွင် ဝန်ထမ်းများအနေနှင့် မိဘများ/အုပ်ထိန်းသူများထံ ချက်ချင်းဆက်သွယ်ရန် သတ်မှတ်ထားသည်။

- တစ်ကိုယ်ရေသုံး အီလက်ထရွန်းနစ် ဆက်သွယ်ရေးပစ္စည်း (ဆဲလ်ဖုန်း၊ iPod၊ iPad၊ လက်ပ်တော့ပ်၊ တက်ဘလက် အစရှိသည်) (သို့) အီလက်ထရွန်းနစ် ဂိမ်းစက် (X-Box၊ PlayStation အစရှိသည်) ကို ယူဆောင်လာရန်ဆုံးဖြတ်ချက်သည် ကျောင်းသားနှင့်/သို့မဟုတ် ကျောင်းသား၏ မိဘ/အုပ်ထိန်းသူ၏ ဆုံးဖြတ်ချက်ဖြစ်သည်။

- ကျောင်းသား၊ မိဘနှင့် အုပ်ထိန်းသူတို့အနေနှင့် ခရိုင်သည် အဆိုပါစက်ပစ္စည်းများ ကျောင်းပရဝုဏ်အတွင်း ပျက်စီးမှု၊ ခိုးယူခံရမှု (သို့) ပျောက်ဆုံးမှုတို့အတွက် တာဝန်ခံယူမည်မဟုတ်ကြောင်း သတိပြုရပါမည်။

- ကျောင်းသို့ဝင်ရောက်ချိန်တွင် ဆဲလ်ဖုန်းအားလုံးကို ကျောင်းသား၏လော့ခ်ကာတွင် သိမ်းထားရမည်။ ဆဲလ်ဖုန်းကို "ပိတ်" (သို့) အလုပ်မလုပ်ဆောင်သည့်မုဒ်တွင် ထား၍ သိမ်းရမည်။

- ကျောင်းသားများသည် ကျောင်းအဆောက်အအုံနှင့် ကျောင်းကားများပေါ်တွင် ဆဲလ်ဖုန်း ယူဆောင်ခြင်း (သို့) အသုံးပြုခြင်း မပြုလုပ်နိုင်ပါ။

- ကျောင်းအဆောက်အအုံတွင်း ဆဲလ်ဖုန်းယူဆောင်သော (သို့) အသုံးပြုသော ကျောင်းသားများအနေနှင့် ကျောင်းခရိုင်စီမံခန့်ခွဲရေး (သို့) ဘေးကင်း/လုံခြုံရေးဝန်ထမ်းက အဆိုပါပစ္စည်းကို သိမ်းယူခြင်းခံရပါမည်။

- အဆောက်အအုံတွင် အဆိုပါစက်ပစ္စည်းများကို သိမ်းယူသောအခါ မိဘ/အုပ်ထိန်းသူသည် အဆောက်အအုံစီမံခန့်ခွဲသူနှင့် တွေ့ဆုံ၍ ၎င်းတို့ကို ပြန်လည်ရယူရမည်။

- ကျောင်းသားအနေနှင့် ဤမူဝါဒကို အကြိမ်ကြိမ်ချိုးဖောက်ပါက စက်ပစ္စည်းကို သိမ်းယူပြီး ခရိုင်ဘေးကင်း/လုံခြုံရေးရုံးသို့ ပို့ဆောင်ပါမည်။ မိဘ/အုပ်ထိန်းသူသည် ပစ္စည်းလာယူရန် စီစဉ်မှုများပြုလုပ်ရမည်။ ကျောင်းသားများသည် Buffalo အစိုးရကျောင်းများ ကျင့်ဝတ်စည်းကမ်းနှင့်အညီ စည်းကမ်းထိန်းသိမ်းရေး ပြစ်ဒဏ်ခံရနိုင်သည်။

- အီလက်ထရွန်းနစ် ဒေတာလွှဲပြောင်းမှု (ကြိုးမဲ့ဆက်သွယ်ရေး ပစ္စည်းများ) သို့မဟုတ် အခြားနည်း (စာတိုပို့ခြင်း၊ လိင်ကိစ္စဆိုင်ရာ စာပို့ခြင်း၊ အီးမေးလ်ပို့ခြင်း စသည်) ဖြင့် ညစ်ညမ်း၊ အပြာကား၊ ရိုင်းပျသော (သို့) တရားဥပဒေနှင့် မညီသော ပုံများ (သို့) ဓာတ်ပုံများ ရိုက်ခြင်း၊ ဖြန့်ခြင်း၊ လွှဲပြောင်းခြင်း (သို့) မျှဝေခြင်းရှိပါက ပြည်နယ်နှင့်/သို့မဟုတ် ဖက်ဒရယ်ဥပဒေအောက်ရှိ ပြစ်မှုတွင် ပါဝင်နိုင်သည်။ ညစ်ညမ်း၊ အပြာကား၊ ရိုင်းပျသော (သို့) တရားဥပဒေနှင့် မညီသော ပုံများ (သို့) ဓာတ်ပုံများ ရိုက်ခြင်း၊ ဖြန့်ခြင်း၊ လွှဲပြောင်းခြင်း (သို့) မျှဝေခြင်းပြုသည့် မည်သည့်ပုဂ္ဂိုလ်မဆို ကျောင်းခရိုင်၏ စည်းကမ်းထိန်းသိမ်းမှု လုပ်ထုံးလုပ်နည်းများနှင့်အညီ ဥပဒေထိန်းသိမ်းရေးနှင့်/သို့မဟုတ် အခြားသင့်လျော်ရာ ပြည်နယ်နှင့် ဖက်ဒရယ် အေဂျင်စီများထံ တိုင်ကြားခံရမည်ဖြစ်ပြီး ဖမ်းဆီးခံရခြင်း၊ ပြစ်မှုဆိုင်ရာ စီရင်ခံရခြင်းနှင့် လိင်ကိစ္စပြစ်မှုကျူးလွန်သူ မှတ်တမ်းများတွင် တစ်သက်တာထည့်သွင်းခြင်းတို့ ဖြစ်နိုင်သည်။

- ရဲ၊ အစိုးရအေဂျင်စီ၏ ဥပဒေထိန်းသိမ်းရေး အရာရှိများ၊ ကျောင်းလုံခြုံ/ဘေးကင်းရေးနှင့် ကျောင်းစီမံခန့်ခွဲရေးဝန်ထမ်းတွင် သင့်လျော်သောလုပ်ဆောင်ချက် ဆောင်ရွက်ရန်အတွက် ဆက်သွယ်ရေးပစ္စည်းများကို ပိုင်ဆိုင်ရန်၊ အသုံးပြုရန် ခွင့်ပြုချက်ရှိသည်။

*****မှတ်ချက်--ခရိုင်သည် ပညာသင်ကြားရေး ရည်ရွယ်ချက်များအတွက်သာ စာသင်ခန်းတွင်း သင့်တော်သောဆဲလ်ဖုန်း အသုံးပြုမှုကို ခွင့်ပြုနိုင်သည်။**

**အီလက်ထရွန်းနစ်စက်ပစ္စည်းများ သုံးရန် ခွင့်ပြုချက်ကို ကျောင်းအုပ်ကသာ ပေးပါမည်။**

## ကြားဝင်ဆောင်ရွက်မှုနှင့် တုံ့ပြန်မှုအဆင့်များ

Buffalo အစိုးရကျောင်းများ၏ ကျင့်ဝတ်စည်းကမ်းတွင် ဖော်ပြထားသော အပြုအမူဆိုင်ရာ မျှော်မှန်းချက်များကို ကျောင်းသားများက ချိုးဖောက်သောအခါ ကျောင်းဝန်ထမ်းနှင့် ကျောင်းအုပ်တို့က ချင့်ချင့်ချိန်ချိန်၊ သင့်တင့်လျောက်ပတ်စွာ၊ တစ်သတ်မတ်တည်း တုံ့ပြန်ပါသည်။

ကျင့်ဝတ်စည်းမျဉ်းတွင် ယင်းချိုးဖောက်မှုများအတွက် ဖြစ်နိုင်သောတုံ့ပြန်မှုအဆင့် 4 ခု ပါဝင်သည်။ ဤကြားဝင်ဆောင်ရွက်ခြင်းနှင့် တုံ့ပြန်မှုအဆင့်အများအပြားအနက် တစ်ဆင့်တွင် ချိုးဖောက်မှုတစ်ခုစီ သတ်မှတ်ထားသည်။ ကျောင်းအုပ်နှင့် ကျောင်းဝန်ထမ်းများသည် အပြုအမူတစ်ခုစီအတွက် **အကြံပြုထားသော အဆင့်များကိုသာ** အသုံးပြုရမည်။ **မသင့်လျော်သော (သို့) အနှောင့်အယှက်ဖြစ်စေသော အပြုအမူသည် အဆင့်နှစ်ခုနှင့်အထက်တွင် သတ်မှတ်ထားပါက ဖြစ်နိုင်သမျှ အနိမ့်ဆုံးအဆင့် ကြားဝင်ဆောင်ရွက်ခြင်းနှင့် စည်းကမ်းထိန်းသိမ်းရေး တုံ့ပြန်မှုကို ဦးစွာအသုံးပြုရမည်။**

ဥပမာ ကျောင်းသားက လှမ်းညွှန်ချက်များ လိုက်နာရန် ငြင်းဆိုပါက ကျောင်းဝန်ထမ်းနှင့် ကျောင်းအုပ်သည် အဆင့် 2 သို့ မသွားမီ အဆင့် 1 ကြားဝင်ဆောင်ရွက်မှု နည်းဗျူဟာများနှင့် တုံ့ပြန်မှုများကို ဦးစွာအသုံးပြုရမည်။

ကျောင်းအုပ်နှင့် ကျောင်းဝန်ထမ်းသည် ကျောင်းသား၏အပြုအမူကို တုံ့ပြန်သည့်အခါ အကြောင်းအချက်များစွာကို ထည့်သွင်းစဉ်းစားရန် မျှော်လင့်ပါသည်။ အောက်ပါစာမျက်နှာများတွင် ကြားဝင်ဆောင်ရွက်မှုများ၊ တုံ့ပြန်မှုအဆင့်များနှင့် ပတ်သက်သော နောက်ထပ်အချက်အလက်များ ပေးထားသည်။

# မသင့်လျော်သော၊ အနှောင့်အယှက်ဖြစ်စေသော အပြုအမူများနှင့် တုံ့ပြန်မှုအဆင့်များ

ကီး- ပြထားသော အနိမ့်ဆုံးအဆင့် အရင်သုံးပါ

| **အဆင့် 1.** စာသင်ခန်းအကူအညီနှင့် ကျောင်းသားအကူအညီ အဖွဲ့- ကျောင်းသားတွင် ယခင်ဖြစ်ရပ်နှင့် ကြားဝင်မှုများ ချမှတ်မထားသောအခါ သင့်လျော်နိုင်သည် | **အဆင့် 2.** သက်ဆိုင်ရာစီမံခန့်ခွဲမှု- အပြုအမူကိုသိရှိစေရန် စာသင်ခန်းထဲတွင် အကူအညီများပေးသော်လည်း ကျောင်းသားနှင့် အခြားသူများ၏ လေ့လာသင်ယူမှုပေါ် မကောင်းသောသက်ရောက်မှုရှိသည့် အပြုအမူကို ဆက်လက်ပြုလုပ်နေသည့်အခါ သင့်လျော်နိုင်သည် | **အဆင့် 3.** ရေတိုရပ်စဲခြင်း- ကြားဝင်မှုနှင့် ပံ့ပိုးမှုများ ပေးသော်လည်း အပြုအမူ ပိုဆိုးလာပါက သင့်လျော်နိုင်သည် | **အဆင့် 4.** ရေရှည်ရပ်စဲမှုအတွက် တောင်းဆိုချက်- ကျောင်းသား၏ အပြုအမူသည် ကျောင်းရှိအခြားသူများ၏ ဘေးကင်းမှုပေါ် ဆိုးရွားစွာသက်ရောက်က သင့်လျော်နိုင်သည် |
|---|---|---|---|

| မသင့်လျော်သော (သို့) အနှောင့်အယှက်ဖြစ်စေသော အပြုအမူ | အဆင့် 1 | အဆင့် 2 | အဆင့် 3 | အဆင့် 4 | ရဲ/ကွန်မြူနတီအေဂျင်စီသို့ လွှဲဆိုရန် |
|---|---|---|---|---|---|
| **#1. ပျက်ကွက်ခြင်းများ** | | | | | |
| • ကျောင်းမှ ခွင့်မတိုင်ဘဲ ပျက်ကွက်ခြင်း | • | | | | |
| • ကျောင်းမှ အမြဲ (သို့) အလွန်အမင်း ပျက်ကွက်ခြင်း | • | • | | | |
| • အလေ့ကျ ကျောင်းပြေးခြင်း (ဆိုလိုသည်မှာ မှတ်သားထားသော ကာလ၊ လပတ် (သို့) နှစ်တစ်ခုခု၏ 20 ရာခိုင်နှုန်းကျော် ကျောင်းမှ တရားမဝင်ပျက်ကွက်ခြင်း) | • | • | | | |
| **#2. ပညာသင်ကြားမှုတွင် မရိုးသားခြင်း** | | | | | |
| • ခိုးချခြင်း (သို့) အခြားသူ၏စာကို ခိုးယူကူးချခြင်း (PreK-8) | • | • | | | |
| • ခိုးချခြင်း (သို့) အခြားသူ၏စာကို ခိုးယူကူးချခြင်း (9-12) | • | • | • | | |
| **#3. အယ်လ်ကိုဟော** | | | | | |
| • သောက်သုံးခြင်း | | • | • | • | • |
| • သောက်ခြင်း (သို့) ပိုင်ဆိုင်ခြင်း | | • | • | • | • |
| • ဖြန့်ဖြူးခြင်း (သို့) ရောင်းချခြင်း | | | | • | • |
| **#4. ကျောင်းသားအား တိုက်ခိုက်ခြင်း (အခြားကျောင်းသားအား သတိပေးခြင်း (သို့) ဆွပေးခြင်းမဟုတ်ဘဲ ရိုက်ခြင်း၊ ကန်ခြင်း (သို့) ထိုးခြင်း)** | | | | | |
| • ဒဏ်ရာမရရှိ (မြင်ရသော၊ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာမရှိ- အိမ်တွင်းအကြမ်းဖက်မှု (သို့) သမီးရည်းစား အငြင်းအခုံ ဖြစ်စဉ်များ ပါဝင်သည်) | | • | • | | |
| • PreK မှ Grades 4 အတွက် ကိုယ်ခန္ဓာဒဏ်ရာရရှိမှု | | • | • | • | |
| • Grades 5 မှ 12 အတွက် ကိုယ်ခန္ဓာဒဏ်ရာရရှိမှု | | | • | • | • |
| **#5. ဗုံးခြိမ်းခြောက်မှု** | | | | | |
| • PreK မှ Grades 4 | | • | • | • | • |
| • Grades 5 မှ 12 | | | | • | • |
| **#6. အနိုင်ကျင့်ခြင်း (ဆိုက်ဘာအနိုင်ကျင့်ခြင်းနှင့် ဂိုဏ်းဆိုင်ရာ ဖြစ်စဉ်များ အပါအဝင်)** | | | | | |
| • ခြိမ်းခြောက်ခြင်း (သို့) ပြင်းထန်စွာ ခြိမ်းခြောက်ခြင်းနှင့် ကျောင်း၏ အစီအစဉ်တကျ လည်ပတ်ဆောင်ရွက်မှုကို အဓိကအနှောင့်အယှက်ပေးသော ရည်ရွယ်လုပ်ဆောင်မှု (နှုတ်ဖြင့်၊ ကိုယ်ဖြင့် (သို့) ရေးသားမှုဖြင့် လုပ်ဆောင်မှု) (သို့) အီလက်ထရွန်းနစ်ဆက်သွယ်ရေးဖြင့် | • | • | • | | |
| • ဆိုးဆိုးရွားရွား အနိုင်ကျင့်ခြင်း (အခြားကျောင်းသား၏ ပါဝင်မှုများ (သို့) ကျောင်းပညာရေး (သို့) သင်ရိုးပြင်ပ ပရိုဂရမ်များမှ အကျိုးခံစားခွင့်တို့ကို ဆိုးဝါးသောသက်ရောက်မှု ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် မကောင်းသော အပြုအမူများကို အချိန်နှင့်အမျှ ထပ်ကာထပ်ကာပြုလုပ်ခြင်း) | | • | • | • | • |

## မသင့်လျော်သော၊ အနှောင့်အယှက်ဖြစ်စေသော အပြုအမူများနှင့် တုံ့ပြန်မှုအဆင့်များ

| ကီး- ပြထားသော အနိမ့်ဆုံးအဆင့် အရင်သုံးပါ | | | |
|---|---|---|---|
| **အဆင့် 1**. စာသင်ခန်းအကူအညီနှင့် ကျောင်းသားအကူအညီ အဖွဲ့- ကျောင်းသားတွင် ယခင်ဖြစ်ရပ်နှင့် ကြားဝင်မှုများ ချမှတ် မထားသောအခါ သင့်လျော်နိုင်သည် | **အဆင့် 2.** သက်ဆိုင်ရာစီမံခန့်ခွဲမှု- အပြုအမူကိုသိရှိစေရန် စာသင်ခန်းထဲတွင် အကူအညီများပေးသော်လည်း ကျောင်းသားနှင့် အခြားသူများ၏ လေ့လာသင်ယူမှုပေါ် မကောင်းသောသက်ရောက်မှုရှိသည့် အပြုအမူကို ဆက်လက်ပြုလုပ်နေသည့်အခါ သင့်လျော်နိုင်သည် | **အဆင့် 3.** ရေတိုရပ်စဲခြင်း- ကြားဝင်မှုနှင့် ပံ့ပိုးမှုများ ပေးသော်လည်း အပြုအမူ ပိုဆိုးလာပါက သင့်လျော်နိုင်သည် | **အဆင့် 4.** ရေရှည်ရပ်စဲမှုအတွက် တောင်းဆိုချက်- ကျောင်းသား၏ အပြုအမူသည် ကျောင်းရှိအခြားသူများ၏ ဘေးကင်းမှုပေါ် ဆိုးရွားစွာသက်ရောက်က သင့်လျော်နိုင်သည် |

| မသင့်လျော်သော (သို့) အနှောင့်အယှက်ဖြစ်စေသော အပြုအမူ | အဆင့် 1 | အဆင့် 2 | အဆင့် 3 | အဆင့် 4 | ရဲ/ကွန်မြူနတီအေဂျင်စီသို့ လွှဲဆိုရန် |
|---|---|---|---|---|---|
| **#7. ဘတ်စ်ကားတွင် ချိုးဖောက်မှု** | | | | | |
| ● ဘတ်စ်ကားပေါ်တွင် အသေးစား အနှောင့်အယှက် (စားခြင်း၊ သောက်ခြင်း၊ အသံကျယ်လွန်းခြင်း၊ ရပ်နေခြင်း) | ● | ● | | | |
| ● ဘတ်စ်ကားပေါ်တွင် အကြီးစား အနှောင့်အယှက် (ရန်ဖြစ်ခြင်း၊ ပစ္စည်းများပစ်ခြင်း၊ ယာဉ်မောင်းကို နှောင့်ယှက်ခြင်း၊ အရေးပေါ်ထွက်ပေါက်များ ဖွင့်ခြင်း) | | ● | ● | ● | ● |
| **#8. စာသင်ခန်းသို့ ရောက်မလာခြင်း** | | | | | |
| ● အချိန်ဇယားပါသော အတန်းသို့ ထပ်ကာထပ်ကာ ရည်ရွယ်ချက်ရှိရှိ ရောက်မလာခြင်း (သို့) မတက်ခြင်း | ● | ● | | | |
| **#9. စာသင်ခန်းတွင် နှောင့်ယှက်ခြင်း** | | | | | |
| ● စာသင်ခန်းတွင်း စကားပြောခြင်း (သို့) အလှည့်မတိုင်မီ စကားပြောခြင်း၊ ပစ္စည်းများပစ်ပေါက်ခြင်း၊ အခြား ကျောင်းသားများကို မဲခြင်း၊ စိတ်အနှောင့်အယှက်ပေးခြင်း (သို့) စနောက်ခြင်းနှင့် သင်ကြားမှုမှ စိတ်ပျံ့လွင့်စေသည့် အခြားအပြုအမူ | ● | ● | | | |
| **#10. အမိန့် ဖီဆန်ခြင်းနှင့်/သို့မဟုတ် အမိန့်မနာခံခြင်း** | | | | | |
| ● လမ်းညွှန်ချက်များ လိုက်နာရန် ပျက်ကွက်ခြင်း | ● | ● | | | |
| ● ကျောင်းဝန်ထမ်း၏ မေးခွန်း (သို့) တောင်းဆိုချက်များ လိုက်နာတုံ့ပြန်ရန် ပျက်ကွက်ခြင်း | ● | ● | | | |
| ● မိမိကိုယ်ကို (သို့) အခြားသူများကို ခြိမ်းခြောက်မှုဖြစ်မည့် (သို့) အန္တရာယ်ပေးရန် ဦးတည်သည့် လမ်းညွှန်ချက်များ မလိုက်နာခြင်း | ● | ● | ● | | |
| ● ကိုယ့်ကိုယ်ကိုယ် (သို့) အခြားသူများကို အန္တရာယ်ပေးရန် တိုက်ရိုက်ဦးတည်သည့် လမ်းညွှန်ချက်များ မလိုက်နာခြင်း | ● | ● | ● | | |

## မသင့်လျော်သော၊ အနှောင့်အယှက်ဖြစ်စေသော အပြုအမူများနှင့် တုံ့ပြန်မှုအဆင့်များ

| ကီး- ပြထားသော အနိမ့်ဆုံးအဆင့် အရင်သုံးပါ | | | |
|---|---|---|---|
| **အဆင့် 1.** စာသင်ခန်းအကူအညီနှင့် ကျောင်းသားအကူအညီ အဖွဲ့- ကျောင်းသားတွင် ယခင်ဖြစ်ရပ်နှင့် ကြားဝင်မှုများ ချမှတ် မထားသောအခါ သင့်လျော်နိုင်သည် | **အဆင့် 2.** သက်ဆိုင်ရာစီမံခန့်ခွဲမှု- အပြုအမူကိုသိရှိစေရန် စာသင်ခန်းထဲတွင် အကူအညီများပေးသော်လည်း ကျောင်းသားနှင့် အခြားသူများ၏ လေ့လာသင်ယူမှုပေါ် မကောင်းသောသက်ရောက်မှုရှိသည့် အပြုအမူကို ဆက်လက်ပြုလုပ်နေသည့်အခါ သင့်လျော်နိုင်သည် | **အဆင့် 3.** ရေတိုရပ်စဲခြင်း- ကြားဝင်မှုနှင့် ပံ့ပိုးမှုများ ပေးသော်လည်း အပြုအမူ ပိုဆိုးလာပါက သင့်လျော်နိုင်သည် | **အဆင့် 4.** ရေရှည်ရပ်စဲမှုအတွက် တောင်းဆိုချက်- ကျောင်းသား၏ အပြုအမူသည် ကျောင်းရှိအခြားသူများ၏ ဘေးကင်းမှုပေါ် ဆိုးရွားစွာသက်ရောက်က သင့်လျော်နိုင်သည် |

| မသင့်လျော်သော (သို့) အနှောင့်အယှက်ဖြစ်စေသော အပြုအမူ | အဆင့် 1 | အဆင့် 2 | အဆင့် 3 | အဆင့် 4 | ရဲ/ကွန်မြူနတီအေဂျင်စီသို့ လွှဲဆိုရန် |
|---|---|---|---|---|---|
| **#11. လေးစားမှုမရှိသော အပြုအမူ** | | | | | |
| • မသင့်လျော်သော ကိုယ်ဟန်၊ ပြယုဂ် (သို့) မှတ်ချက်များ ပြုလုပ်ခြင်း (သို့) စော်ကား/ရိုင်းပျသော အသုံးအနှုန်း သုံးခြင်း | • | • | | | |
| • နုတ်ဖြင့်စော်ကားခြင်း၊ နှိမ့်ချခြင်း၊ လိမ်ညာခြင်း၊ အထင်မှားစေသော (သို့) မှားယွင်းသော အချက်အလက်များ ကျောင်းဝန်ထမ်းအား ပေးခြင်း | • | • | • | | |
| • နုတ်ဖြင့်စော်ကားခြင်း၊ နှိမ့်ချခြင်း၊ လိမ်ညာခြင်း၊ အထင်မှားစေသော (သို့) မှားယွင်းသော အချက်အလက်များ ကျောင်းဝန်ထမ်းအား ပေးသည့်အတွက် အခြားသူကို စိတ်ပိုင်း (သို့) ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်ဖြစ်စေခြင်း | • | • | • | • | • |
| **#12. အဝတ်အစား သတ်မှတ်ချက်** | | | | | |
| • စာမျက်နှာ 35 ရှိ အဝတ်အစား သတ်မှတ်ချက် စံနှုန်းများကို ရည်ညွှန်းပါ | • | • | | | |
| **#13. မူးယစ်ဆေး (သို့) ထိန်းချုပ်ဆေးဝါး(များ) (ကျောင်းတွင်၊ ကျောင်းကပံ့ပိုးသော လှုပ်ရှားမှုများ (သို့) ကျောင်းကွန်မြူနတီ၏ ဘေးကင်းမှုနှင့် ကောင်းကျိုးကို သက်ရောက်စေသည့် အဖြစ်အပျက်များတွင် ပါဝင်သောအခါ)** | | | | | |
| • သောက်သုံးခြင်း | | • | • | • | • |
| • သောက်ခြင်း (သို့) ပိုင်ဆိုင်ခြင်း | | • | • | • | • |
| • ဖြန့်ဖြူးခြင်း (သို့) ရောင်းချခြင်း | | | | • | • |
| **#14. ခိုးထွက်ခြင်း** | | | | | |
| • ခွင့်ပြုချက်မရှိ ကျောင်းဝင်းမှထွက်သွားခြင်း (သို့) ကျောင်းစကြံများတွင် လျှောက်သွားနေခြင်း စသည် | • | • | | | |
| **#15. ငွေညှစ်ခြင်း/အကျပ်ကိုင်ခြင်း (အားသုံး၍၊ တိုက်ရိုက် (သို့) သွယ်ဝိုက်၍ အခြားတစ်ယောက်ထံမှ (ငွေ (သို့) ပစ္စည်း) ယူခြင်း (သို့) ယူရန်ကြိုးပမ်းခြင်း)** | | | | | |
| • PreK မှ Grades 4 | | • | • | | |
| • Grades 5 to 12 | | | • | • | • |
| **#16. မီးဘေးသတိပေးချက် မှားယွင်းစတင်ခြင်း** | | | | | |
| • PreK မှ Grades 4 | | • | • | • | • |
| • Grades 5 to 12 | | • | • | • | • |
| **#17. ရန်ဖြစ်ခြင်း** | | | | | |
| • အခြားကျောင်းသားကို ရုပ်ပိုင်းဆိုင်ရာ ကျူးကျော်ရန်စခြင်း (တိုက်ခြင်း (သို့) တွန်းခြင်း) | • | • | | | |
| • အသေးစား ရန်ဖြစ်ခြင်း (အသေးစားဒဏ်ရာများ ရရှိသည့် ဖြစ်စဉ်များ ပါဝင်နိုင်သည်) | • | • | • | | |

## မသင့်လျော်သော၊ အနှောင့်အယှက်ဖြစ်စေသော အပြုအမူများနှင့် တုံ့ပြန်မှုအဆင့်များ

| ကီး- ပြထားသော အနိမ့်ဆုံးအဆင့် အရင်သုံးပါ | | | |
|---|---|---|---|
| **အဆင့် 1**. စာသင်ခန်းအကူအညီနှင့် ကျောင်းသားအကူအညီ အဖွဲ့- ကျောင်းသားတွင် ယခင်ဖြစ်ရပ်နှင့် ကြားဝင်မှုများ ချမှတ် မထားသောအခါ သင့်လျော်နိုင်သည် | **အဆင့် 2.** သက်ဆိုင်ရာစီမံခန့်ခွဲမှု- အပြုအမူကိုသိရှိစေရန် စာသင်ခန်းထဲတွင် အကူအညီများပေးသော်လည်း ကျောင်းသားနှင့် အခြားသူများ၏ လေ့လာသင်ယူမှုပေါ် မကောင်းသောသက်ရောက်မှုရှိသည့် အပြုအမူကို ဆက်လက်ပြုလုပ်နေသည့်အခါ သင့်လျော်နိုင်သည် | **အဆင့် 3.** ရေတိုရပ်စဲခြင်း- ကြားဝင်မှုနှင့် ပံ့ပိုးမှုများ ပေးသော်လည်း အပြုအမူ ပိုဆိုးလာပါက သင့်လျော်နိုင်သည် | **အဆင့် 4.** ရေရှည်ရပ်စဲမှုအတွက် တောင်းဆိုချက်- ကျောင်းသား၏ အပြုအမူသည် ကျောင်းရှိအခြားသူများ၏ ဘေးကင်းမှုပေါ် ဆိုးရွားစွာသက်ရောက်က သင့်လျော်နိုင်သည် |

| မသင့်လျော်သော (သို့) အနှောင့်အယှက်ဖြစ်စေသော အပြုအမူ | အဆင့် 1 | အဆင့် 2 | အဆင့် 3 | အဆင့် 4 | ရဲ/ကွန်မြူနတီအေဂျင်စီသို့ လွှဲဆိုရန် |
|---|---|---|---|---|---|
| **#18. မီးလောင်စေခြင်း/မီးရှို့ခြင်း** | | | | | |
| •တမင်သက်သက် မီးလောင်စေခြင်း၊ မီးလောင်ကျွမ်းသဖြင့် ပစ္စည်းပျက်စီးစေခြင်း | | | • | • | • |
| **#19. လောင်းကစားခြင်း** | | | | | |
| • ငွေကြေး (သို့) လဲလှယ်နိုင်သော ပစ္စည်းများ သုံးရန်လိုအပ်ခြင်း | • | • | • | | |
| **#20. စကြီးတွင်ဆိုးသွမ်းမှု** | | | | | |
| • ပြေးခြင်း၊ အလွန်အမင်း အသံကျယ်ခြင်း (သို့) အမိုက်ဖွခြင်း | • | • | | | |
| **#21. (ကျောင်းကွန်မြူနတီအဖွဲ့ဝင်များကို ဆိုက်ဘာအနှောင့်အယှက်ပေးခြင်း အပါအဝင်)လူမျိုး၊ တိုင်းရင်းသား၊ လိင်သတ်မှတ်ချက်၊ လိင်တိမ်းညွှတ်မှု၊ မသန်စွမ်းမှု (သို့) ကိုးကွယ်ရာဘာသာပေါ် အခြေခံသော အနှောင့်အယှက်ပေးမှု** | | | | | |
| • အသေးစား နှောင့်ယှက်မှု | • | • | | | |
| • ဆိုးရွားသော နှောင့်ယှက်မှု (အမြဲ (သို့) ရေရှည် နှောင့်ယှက်မှု) | | • | • | • | • |
| **#22. အမုန်းပွားခြင်း ပြစ်မှု** | | | | | |
| • လူမျိုး၊ ဘာသာ၊ မသန်စွမ်းမှု၊ တိုင်းရင်းသားရင်းမြစ် (သို့) လိင်တိမ်းညွှတ်မှုပေါ် ပြစ်မှုကျူးလွန်သူ၏ အစွဲကြောင့် လုံးဝ (သို့) တစ်စိတ်တစ်ဒေသ စိတ်ထက်သန်စွာဖြင့် လူပုဂ္ဂိုလ် (သို့) ပစ္စည်းကို အမုန်းစကားအပါအဝင် ပြစ်မှုဆိုင်ရာကျူးလွန်မှု | | • | • | • | • |
| **#23. အနှောင့်အယှက်ပေးရန် လှုံ့ဆော်ခြင်း (သို့) ပါဝင်ဆောင်ရွက်ခြင်း** | | | | | |
| • အထွေထွေ စာသင်ခန်း နှောင့်ယှက်မှုများပြင်ပ ( (မုန့်စျေးတန်း၊ စကြီး၊ စာကြည့်တိုက်၊ ဘတ်စ်မှတ်တိုင် စသည်ဖြင့်) တွင် အကျိုးရှိသော လေ့လာသင်ယူမှုအတွက် ကျောင်းတွင်း အစီအစဉ်ကျမှုနှင့် စည်းကမ်းရှိမှုကို ကြီးမားစွာ အနှောင့်အယှက်ဖြစ်စေခြင်း | | • | • | • | • |
| • အနှောင့်အယှက်ဖြစ်စေရန်အတွက် အခြားသူများကို လှုံ့ဆော်ရန် တစ်ကိုယ်ရေသုံး ဆက်သွယ်ရေးစက် သုံးခြင်း | | • | • | • | • |

# မသင့်လျော်သော၊ အနှောင့်အယှက်ဖြစ်စေသော အပြုအမူများနှင့် တုံ့ပြန်မှုအဆင့်များ

ကီး- ပြထားသော အနိမ့်ဆုံးအဆင့် အရင်သုံးပါ

| | | | |
|---|---|---|---|
| **အဆင့် 1.** စာသင်ခန်းအကူအညီနှင့် ကျောင်းသားအကူအညီ အဖွဲ့- ကျောင်းသားတွင် ယခင်ဖြစ်ရပ်နှင့် ကြားဝင်မှုများ ချမှတ် မထားသောအခါ သင့်လျော်နိုင်သည် | **အဆင့် 2.** သက်ဆိုင်ရာစီမံခန့်ခွဲမှု- အပြုအမူကိုသိရှိစေရန် စာသင်ခန်းထဲတွင် အကူအညီများပေးသော်လည်း ကျောင်းသားနှင့် အခြားသူများ၏ လေ့လာသင်ယူမှုပေါ် မကောင်းသောသက်ရောက်မှုရှိသည့် အပြုအမူကို ဆက်လက်ပြုလုပ်နေသည့်အခါ သင့်လျော်နိုင်သည် | **အဆင့် 3.** ရေတိုရပ်စဲခြင်း- ကြားဝင်မှုနှင့် ပံ့ပိုးမှုများ ပေးသော်လည်း အပြုအမူ ပိုဆိုးလာပါက သင့်လျော်နိုင်သည် | **အဆင့် 4.** ရေရှည်ရပ်စဲမှုအတွက် တောင်းဆိုချက်- ကျောင်းသား၏ အပြုအမူသည် ကျောင်းရှိအခြားသူများ၏ ဘေးကင်းမှုပေါ် ဆိုးရွားစွာသက်ရောက်က သင့်လျော်နိုင်သည် |

| မသင့်လျော်သော (သို့) အနှောင့်အယှက်ဖြစ်စေသော အပြုအမူ | အဆင့် 1 | အဆင့် 2 | အဆင့် 3 | အဆင့် 4 | ရဲ/ကွန်မြူနတီအေဂျင်စီသို့ လွှဲဆိုရန် |
|---|---|---|---|---|---|
| **#24. ရှုသည့်အရာများ** | | | | | |
| • သုံးစွဲထားချိန် - ရှုသည့်အရာ သုံးစွဲထားချိန် (သို့) သုံးနေသည်ကို တွေ့ပါက ဆေးဝန်ထမ်းကို ချက်ချင်းအကြောင်းကြားရမည် | | • | • | • | • |
| • သုံးခြင်း (သို့) ပိုင်ဆိုင်ခြင်း | | • | • | • | • |
| • ဖြန့်ချိခြင်း (သို့) ရောင်းခြင်း | | | | • | • |
| **#25. ကျောင်းဝန်ထမ်း/BPS မဟုတ်သော လူကြီးကို  ကိုယ်ထိလက်ရောက်ပြုခြင်း (ကျောင်းဧည့်သည်များ၊ ကွန်မြူနတီပါတနာများ၊ ကျောင်းမတိုင်မီ/အပြီး ဝန်ဆောင်မှုပေးသူများ အပါအဝင်)** | | | | | |
| • ကျောင်းဝန်ထမ်းကို မရည်ရွယ်ဘဲ မတော်တဆ ကိုယ်ထိလက်ရောက်ပြုခြင်း | • | • | | | |
| • ကျောင်းဝန်ထမ်းကို တိုက်ခိုက်ခြင်း၊ ရန်ပွဲ (သို့) အခြား အနှောင့်အယှက်ပေးသော လုပ်ဆောင်ချက်တွင် ကြားဝင်ဖြန်ဖြေနေသော ဝန်ထမ်းအဖွဲ့ဝင်ကို တိုက်ခိုက်ခြင်းအပါအဝင် Buffalo အစိုးရကျောင်းများ ဝန်ထမ်း (သို့) အခြားလူကြီးများကို ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်း | | | • | • | • |
| **#26. အိတ်ဆောင် အီလက်ထရွန်းနစ် စက်ပစ္စည်းများ** | | | | | |
| • ခွင့်မပြုချိန်များတွင် ဆဲလ်ဖုန်း၊ PDA၊ iPod၊ အီလက်ထရွန်းနစ် ဂိမ်းစက်များကို သုံးခြင်း။ ပထမအကြိမ် ချိုးဖောက်မှုတွင် ကျောင်းသားများကို သတိသာပေးရမည်။ ပထမအကြိမ် ချိုးဖောက်မှုနောက်မှသာ ကျောင်းသားကို အဆင့် 1 တုံ့ပြန်မှုများအရ စီမံနိုင်သည်။ ဒုတိယအကြိမ် ချိုးဖောက်မှုတွင် မိဘအကြောင်းကြားချက် ပို့ရမည်။ ကျောင်း၏ဦးဆောင်မှုသည် ကျောင်းတွင် ဘေးကင်းမှုကို အားပေးသည့် ဆောင်ရွက်ချက်များကို အကောင်အထည် ဖော်ဆောင်နိုင်သည်- ကျောင်းသို့ဝင်ရောက်ချိန်တွင် ဆဲလ်ဖုန်းများ ယူထားပြီး ကျောင်းဆင်းချိန်တွင် ပြန်ပေးသည့် စနစ်များ ဖန်တီးရန်။ | • | • | | | |
| • အီလက်ထရွန်းနစ် စက်ပစ္စည်းများ အသုံးပြုမှုသည် အခြားပုဂ္ဂိုလ်အား ရုပ်ပိုင်း (သို့) စိတ်ပိုင်းအနာတရ တိုက်ရိုက်ဖြစ်စေသည်ဟု ဆုံးဖြတ်သော အသုံးပြုမှု | | • | • | • | • |

# မသင့်လျော်သော၊ အနှောင့်အယှက်ဖြစ်စေသော အပြုအမူများနှင့် တုံ့ပြန်မှုအဆင့်များ

ကီး- ပြထားသော အနိမ့်ဆုံးအဆင့် အရင်သုံးပါ

| | | | |
|---|---|---|---|
| **အဆင့် 1.** စာသင်ခန်းအကူအညီနှင့် ကျောင်းသားအကူအညီ အဖွဲ့- ကျောင်းသားတွင် ယခင်ဖြစ်ရပ်နှင့် ကြားဝင်မှုများ ချမှတ် မထားသောအခါ သင့်လျော်နိုင်သည် | **အဆင့် 2.** သက်ဆိုင်ရာစီမံခန့်ခွဲမှု- အပြုအမူကိုသိရှိစေရန် စာသင်ခန်းထဲတွင် အကူအညီများပေးသော်လည်း ကျောင်းသားနှင့် အခြားသူများ၏ လေ့လာသင်ယူမှုပေါ် မကောင်းသောသက်ရောက်မှုရှိသည့် အပြုအမူကို ဆက်လက်ပြုလုပ်နေသည့်အခါ သင့်လျော်နိုင်သည် | **အဆင့် 3.** ရေတိုရပ်စဲခြင်း- ကြားဝင်မှုနှင့် ပံ့ပိုးမှုများ ပေးသော်လည်း အပြုအမူ ပိုဆိုးလာပါက သင့်လျော်နိုင်သည် | **အဆင့် 4.** ရေရှည်ရပ်စဲမှုအတွက် တောင်းဆိုချက်- ကျောင်းသား၏ အပြုအမူသည် ကျောင်းရှိအခြားသူများ၏ ဘေးကင်းမှုပေါ် ဆိုးရွားစွာသက်ရောက်က သင့်လျော်နိုင်သည် |

| မသင့်လျော်သော (သို့) အနှောင့်အယှက်ဖြစ်စေသော အပြုအမူ | အဆင့် 1 | အဆင့် 2 | အဆင့် 3 | အဆင့် 4 | ရဲ/ကွန်မြူနတီအေဂျင်စီသို့ လွှဲဆိုရန် |
|---|---|---|---|---|---|
| **#27. ဂရပ်ဖီတီအပါအဝင် ပစ္စည်းပျက်စီးမှု** | | | | | |
| • အသေးစား (သို့) မတော်တဆ ပျက်စီးမှု ($50 အောက်) | • | • | | | |
| • အခြားသူ (သို့) ကျောင်းပစ္စည်း ပျက်စီးမှု | | • | • | • | • |
| **#28. ခွင့်ပြုချက်မရှိဘဲ ကျောင်းစက်ပစ္စည်း အသုံးပြုမှု** | | | | | |
| • ကွန်ပျူတာ၊ ဖက်စ်၊ ဖုန်းစသည်တို့ အသုံးပြုမှု | • | • | | | |
| **#29. ပြန်းထန်သော ကိုယ်ခန္ဓာဒဏ်ရာရမှု** | | | | | |
| • အဓိကအားဖြင့် သေဆုံးမှု (သို့) အပြီးတိုင် (သို့) ပြင်းထန်သော ရုပ်ပျက်ဆင်းပျက်ဖြစ်စေမှု၊ ကိုယ်ခန္ဓာအစိတ်အပိုင်း လုပ်ဆောင်ချက်ဆုံးရှုံးမှု (သို့) ကိုယ်ခန္ဓာအစိတ်အပိုင်း ချို့ယွင်းမှုအန္တရာယ် ဖြစ်စေခြင်း | | | • | • | • |
| **#30. လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်း (သို့) စော်ကားခြင်း** | | | | | |
| • ဖိအားပေး လိင်ကိစ္စဆောင်ရွက်မှု- လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်းမှန်သမျှအတွက် ကျောင်းဝန်ထမ်းက Buffalo ရဲဌာနသို့ ချက်ချင်းဆက်သွယ်ရမည် | | | | • | • |
| **#31. လိင်ကိစ္စအခြေခံသော ဥပဒေချိုးဖောက်မှု** | | | | | |
| • လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု (မလိုလားသော လိင်ပိုင်းဆိုင်ရာ ချဉ်းကပ်မှု၊ လိင်ကိစ္စ တောင်းဆိုချက်များ၊ အခြား မသင့်လျော်သော နှုတ်ဖြင့်၊ စာဖြင့် (သို့) ရုပ်ပိုင်းဆိုင်ရာ လိင်ကိစ္စသဘောသဘာဝ လုပ်ဆောင်ချက်) | | • | • | • | • |
| • လိင်ပိုင်းဆိုင်ရာကိစ္စ (သို့) လက်မခံနိုင်သော အပြုအမူ (မဖွယ်မရာလှစ်ပြမှု၊ လိင်ကိစ္စတွင်ပါဝင်မှု စသည်) (PreK မှ gr 4) | • | • | • | • | • |
| • လိင်ပိုင်းဆိုင်ရာကိစ္စ (သို့) လက်မခံနိုင်သော အပြုအမူ (gr 5 to 12) | | • | • | • | • |
| **#32. နောက်ကျခြင်း** | | | | | |
| • စာသင်ခန်း (သို့) ကျောင်းသို့ အမြဲ (သို့) အလွန်အမင်း နောက်ကျခြင်း | • | • | | | |
| **#33. လက်ခံနိုင်သော နည်းပညာအသုံးပြုမှု မူဝါဒချိုးဖောက်ခြင်း** | | | | | |
| • ဤစံနှုန်းအသေးစိတ်အတွက် စာမျက်နှာ 9 ကို ကြည့်ရန် | • | • | | | |
| **#34. ကျောင်းဝန်ထမ်းကို ခြိမ်းခြောက်ခြင်း (ကိုယ်ခန္ဓာဟန်ပန်၊ စာဖြင့်ခြိမ်းခြောက်ခြင်း (သို့) နှုတ်ဖြင့်ခြိမ်းခြောက်ခြင်း)** | | | | | |
| • PreK မှ grade 4 | • | • | • | • | • |
| • Grades 5 မှ 12 | | • | • | • | • |

## မသင့်လျော်သော၊ အနှောင့်အယှက်ဖြစ်စေသော အပြုအမူများနှင့် တုံ့ပြန်မှုအဆင့်များ

| ကီး- ပြထားသော အနိမ့်ဆုံးအဆင့် အရင်သုံးပါ | | | |
|---|---|---|---|
| **အဆင့် 1.** စာသင်ခန်းအကူအညီနှင့် ကျောင်းသားအကူအညီ အဖွဲ့- ကျောင်းသားတွင် ယခင်ဖြစ်ရပ်နှင့် ကြားဝင်မှုများ ချမှတ် မထားသောအခါ သင့်လျော်နိုင်သည် | **အဆင့် 2.** သက်ဆိုင်ရာစီမံခန့်ခွဲမှု- အပြုအမူကိုသိရှိစေရန် စာသင်ခန်းထဲတွင် အကူအညီများပေးသော်လည်း ကျောင်းသားနှင့် အခြားသူများ၏ လေ့လာသင်ယူမှုပေါ် မကောင်းသောသက်ရောက်မှုရှိသည့် အပြုအမူကို ဆက်လက်ပြုလုပ်နေသည့်အခါ သင့်လျော်နိုင်သည် | **အဆင့် 3.** ရေတိုရပ်စဲခြင်း- ကြားဝင်မှုနှင့် ပံ့ပိုးမှုများ ပေးသော်လည်း အပြုအမူ ပိုဆိုးလာပါက သင့်လျော်နိုင်သည် | **အဆင့် 4.** ရေရှည်ရပ်စဲမှုအတွက် တောင်းဆိုချက်- ကျောင်းသား၏ အပြုအမူသည် ကျောင်းရှိအခြားသူများ၏ ဘေးကင်းမှုပေါ် ဆိုးရွားစွာသက်ရောက်က သင့်လျော်နိုင်သည် |

| မသင့်လျော်သော (သို့) အနှောင့်အယှက်ဖြစ်စေသော အပြုအမူ | အဆင့် 1 | အဆင့် 2 | အဆင့် 3 | အဆင့် 4 | ရဲ/ကွန်မြူနတီအေဂျင်စီသို့ လွှဲဆိုရန် |
|---|---|---|---|---|---|
| **#35. ခိုးခြင်း** | | | | | |
| • $500 အောက် | | • | • | | |
| • $500 အထက် (PreK (သို့) သူငယ်တန်း ကျောင်းသားများအတွက် ရဲကို မဆက်သွယ်ရန် အကြံပြုသည်) | | | • | • | • |
| **#36. ဆေးရွက်ကြီး ပိုင်ဆိုင်မှု (သို့) အသုံးပြုမှု** | | | | | |
| • သက်ဆိုင်သည့် ဆေးဝါးအလွဲသုံးမှုဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်းသို့ ကျောင်းသားကို လွှဲပို့ရန် ကျောင်းဝန်ထမ်းအား တောင်းဆိုပါသည် | • | • | | | |
| **#37. ပိုင်နက်ကျူးလွန်ခြင်း** | | | | | |
| • ကျောင်းမှ ရပ်စဲ (သို့) ထုတ်ပယ်ထားချိန်တွင် ခွင့်ပြုချက်မရှိဘဲ ကျောင်းပရဝုဏ်၌ ရှိနေခြင်း။ ချိုးဖျက်ဝင်ရောက်ခြင်း ပါဝင်သည် | | • | • | • | • |
| **#38. ခွင့်မပြုဘဲ ရောင်းခြင်း (သို့) ဖြန့်ချိခြင်း (ဤစည်းမျဉ်းတွင် မပါဝင်သည့် အခြားခွင့်မပြုသော (သို့) အတည်ပြုမထားသော ပစ္စည်းများ ရောင်းခြင်း (သို့) ဖြန့်ချိခြင်း)** | | | | | |
| • ငွေကြေးတန်ဖိုးနည်းသော ပစ္စည်း ($50 အောက်) | • | • | | | |
| • ငွေကြေးတန်ဖိုး သိသိသာသာရှိသော ပစ္စည်းများ | | • | • | | |
| **#39. ကျောင်းသားကို နှုတ် (သို့) ကိုယ်ဖြင့် ခြိမ်းခြောက်ခြင်း** | | | | | |
| • အခြားကျောင်းသားကို ခြိမ်းခြောက်သော (သို့) ရန်လိုသောအသုံးအနှုန်း (သို့) ကိုယ်ဟန်ပြခြင်း | • | • | • | | |

# မသင့်လျော်သော၊ အနှောင့်အယှက်ဖြစ်စေသော အပြုအမူများနှင့် တုံ့ပြန်မှုအဆင့်များ

ကီး- ပြထားသော အနိမ့်ဆုံးအဆင့် အရင်သုံးပါ

| **အဆင့် 1.** စာသင်ခန်းအကူအညီနှင့် ကျောင်းသားအကူအညီ အဖွဲ့- ကျောင်းသားတွင် ယခင်ဖြစ်ရပ်နှင့် ကြားဝင်မှုများ ချမှတ် မထားသောအခါ သင့်လျော်နိုင်သည် | **အဆင့် 2.** သက်ဆိုင်ရာစီမံခန့်ခွဲမှု- အပြုအမူကိုသိရှိစေရန် စာသင်ခန်းထဲတွင် အကူအညီများပေးသော်လည်း ကျောင်းသားနှင့် အခြားသူများ၏ လေ့လာသင်ယူမှုပေါ် မကောင်းသောသက်ရောက်မှုရှိသည့် အပြုအမူကို ဆက်လက်ပြုလုပ်နေသည့်အခါ သင့်လျော်နိုင်သည် | **အဆင့် 3.** ရေတိုရပ်စဲခြင်း- ကြားဝင်မှုနှင့် ပံ့ပိုးမှုများ ပေးသော်လည်း အပြုအမူ ပိုဆိုးလာပါက သင့်လျော်နိုင်သည် | **အဆင့် 4.** ရေရှည်ရပ်စဲမှုအတွက် တောင်းဆိုချက်- ကျောင်းသား၏ အပြုအမူသည် ကျောင်းရှိအခြားသူများ၏ ဘေးကင်းမှုပေါ် ဆိုးရွားစွာသက်ရောက်က သင့်လျော်နိုင်သည် |
|---|---|---|---|

| မသင့်လျော်သော (သို့) အနှောင့်အယှက်ဖြစ်စေသော အပြုအမူ | အဆင့် 1 | အဆင့် 2 | အဆင့် 3 | အဆင့် 4 | ရဲ/ကွန်မြူနတီအေဂျင်စီသို့ လွှဲဆိုရန် |
|---|---|---|---|---|---|
| **#40. လက်နက်၊ သေနတ်နှင့် ဖောက်ခွဲရေးပစ္စည်းများ** | | | | | |
| • ဖောက်ခွဲရေးပစ္စည်းများ (မီးရှူးမီးပန်း၊ မီးခိုးဗုံးများ အပါအဝင် မီးလောင်စေသော (သို့) ပေါက်ကွဲစေသော ပစ္စည်း (သို့) စက် ပိုင်ဆိုင်မှု၊ ရောင်းချမှု၊ ဖြန့်ဖြူးမှု၊ ဖောက်ခွဲမှု (သို့) ဖောက်ခွဲရန်ခြိမ်းခြောက်မှု။ သေနတ်အပြင် အချက်ပြမီး (သို့) မီးလောင်လွယ်သော (သို့) ပေါက်ကွဲစေသော ပစ္စည်း (သို့) အရာဝတ္ထုများ ပေါင်းစပ်မှု) | | | • | • | •<br>ရဲထံသို့လွှဲဆိုရမည် |
| • သေနတ် (ဖက်ဒရယ်ကုဒ် 18 USC 921 တွင် သတ်မှတ်ထားသည့်အတိုင်း  သေနတ်ပိုင်ဆိုင်မှု- လက်ပစ်သေနတ်၊ ရိုင်ဖယ်၊ ပြောင်းတိုသေနတ်နှင့် ဗုံးများ) | | | | • | •<br>ရဲထံသို့လွှဲဆိုရမည် |
| • အခြားသေနတ်များ (မည်သည့်သေနတ်၊ မည်သည့် အမျိုးအစား ဖြစ်စေ၊ ကျည်ထည့်ထားသည် (သို့) ထည့်မထားသည်၊ ပစ်၍ရသည် (သို့) မရသည်ဖြစ်စေ၊ bb သေနတ်၊  ကျည်စေ့သေနတ်၊ ရေသေနတ် စသည်တို့ကဲ့သို့ သေနတ်နှင့်တူသော မည်သည့်အရာဝတ္ထုမဆို အပါအဝင်) | | | • | • | • |
| • အခြားလက်နက်များ (ကိုယ်ခန္ဓာအနာတရဖြစ်စေသည့် ပစ္စည်းတစ်ခုခု၊ အခြားသေနတ်တစ်ခုခု ပိုင်ဆိုင်ခြင်း)။ သေနတ်ကိုင်ဆောင်မှု ပြည်နယ်ဥပဒေ ချိုးဖောက်သည့်အတွက် ပြက္ခဒိန်နှစ် တစ်နှစ်ထက်မနည်း မဖြစ်မနေ ကျောင်းထုတ်ပယ်ရမည် ဖြစ်သော်လည်း  Buffalo အစိုးရကျောင်းများက ဖြစ်ရပ်အလိုက် ပြင်ဆင်နိုင်သည်။ | | | • | • | •<br>ရဲထံသို့လွှဲဆိုရမည် |
| • ဖောက်ခွဲရေးပစ္စည်းများ ( ပိုင်ဆိုင်မှု၊ ရောင်းချမှု၊ ဖြန့်ဖြူးမှု၊ ဖောက်ခွဲမှု (သို့) ဖောက်ခွဲရန်ခြိမ်းခြောက်မှု။ မီးလောင်စေသော (သို့) ပေါက်ကွဲစေသော ပစ္စည်း (သို့) မီးပန်း၊ မီးခိုးဗုံးအပါအဝင် စက်ပစ္စည်း။ သေနတ်အပြင် အချက်ပြမီး (သို့) မီးလောင်လွယ်သော (သို့) ပေါက်ကွဲစေသော ပစ္စည်း (သို့) အရာဝတ္ထုများ ပေါင်းစပ်မှု) | | | • | • | •<br>ရဲထံသို့လွှဲဆိုရမည် |

ကျောင်းသား (သို့) ပြုစုစောင့်ရှောက်သူသည် ကျောင်းအပြင် အကူအညီ (သို့) ဝန်ဆောင်မှုများ လိုအပ်ပါက အောက်ပါတို့ကအကူအညီရနိုင်သည်-

*အခြားညွှန်ကြားမှု စီစဉ်ရန် သင့်ကလေး၏ကျောင်းသို့ ခေါ်ဆိုပါ*

| | |
|---|---|
| ခရိုင်အစားထိုး ညွှန်ကြားချက် (အထွေထွေ မေးခွန်းများ) | 816-3133 |
| ကျောင်းခေါ်ချိန် အကူအညီများ | 816-3593 |
| အကူအညီနှင့် ဆွေးနွေးတိုင်ပင်ခြင်း | 816-3702 |
| ဆေးခွင့်ဆိုင်ရာ အိမ်ညွှန်ကြားချက် | 816-3133 |
| အိမ်တွင်စာသင်ခြင်းဆိုင်ရာရုံး | 816-3106 |
| အိမ်ရာမဲ့ပညာရေးပရိုဂရမ် | 816-3717 |
| ဥပဒေကျွာပြုခံ ဆိုးသွမ်းမည့် အန္တရာယ်ရှိသူလူငယ် ပရိုဂရမ် | 816-3172 |
| ကျောင်းသားဝန်ထမ်းရေးရာ/ရပ်စဲမှုဆိုင်ရာ ကြားနာမှုများ | 816-3547 |
| ကျောင်းသားနေရာချထားမှု/မှတ်ပုံတင်ခြင်း | 816-3717 |
| Buffalo အစိုးရကျောင်းများ စက်ခုံအော်ပရေတာ | 816-3500 |
| ဘာသာစကားမျိုးစုံ ပညာရေး | 816-3577 |
| မိဘအထောက်အပံ့ရုံး | 816-4678 |
| မိဘနှင့် မိသားစု ပါဝင်ရေးရုံး | 816-3170 |
| လုံခြုံရေး | 816-3707 |
| အထူးပညာရေး | 816-3060 |
| (မူကြို၊ ကျောင်းသားနေရာချထားမှုနှင့် မိဘဝန်ဆောင်မှုများ အပါအဝင်) | |
| ကြီးကြပ်ရေးမှူးရုံးခန်း | 816-3575 |

**သင့်ကလေးသည် အခြားညွှန်ကြားချက်တွင် ပါဝင်ဆောင်ရွက်နေပါက သူ၏အိမ်စာများအတွက် သူ့ကျောင်းကို ခေါ်ဆိုသင့်သည်**

# 2022- 2023
# ပညာရေးဘုတ်အဖွဲ့ဝင်များ

Mr. Louis Petrucci

ဥက္ကဋ္ဌ
ပါ့ခ်ခရိုင်အဖွဲ့ဝင်

Dr. Ann Rivera

အမှုဆောင်ကိစ္စများ ဒုဥက္ကဋ္ဌ
အကြီးတန်းဘုတ်အဖွဲ့ဝင်

Dr. Kathy Evans-Brown

ကျောင်းသားအောင်မြင်မှုဆိုင်ရာ ဒုဥက္ကဋ္ဌ
အရှေ့ပိုင်း ခရိုင်ဘုတ်အဖွဲ့ဝင်

Mr. Terrance Heard

ပညာရေးအထောက်အပံ့ဆိုင်ရာ နာယက
အကြီးတန်းဘုတ်အဖွဲ့ဝင်

Mrs. Paulette Woods

ဘဏ္ဍာရေးနှင့် လုပ်ငန်းဆောင်ရွက်မှု နာယက
ပင်မခရိုင်အဖွဲ့ဝင်

# 2022-2023
# ပညာရေးဘုတ်အဖွဲ့ဝင်များ

Mrs. Sharon Belton-Cottman

ဖယ်ရီခရိုင်အဖွဲ့ဝင်

Ms. Hope Jay

မြောက်ပိုင်း ခရိုင်ဘုတ်အဖွဲ့ဝင်

Ms. Jennifer Mecozzi

အနောက်ပိုင်း ခရိုင်ဘုတ်အဖွဲ့ဝင်

Mr. Lawrence Scott

အကြီးတန်းဘုတ်အဖွဲ့ဝင်

Miss Jasmine Cameron

ကျောင်းသားဘုတ်အဖွဲ့ဝင်/

ကျောင်းသားကိုယ်စားလှယ်

**Buffalo အစိုးရကျောင်းများ**

Tonja M. Williams, Ed.D.
Buffalo အစိုးရကျောင်းများ ကြီးကြပ်ရေးမှူး

Sharon E. Brown, Ed.D.
ကျောင်းသားပံ့ပိုးရေး ဝန်ဆောင်မှုများ လက်ထောက်ကြီးကြပ်ရေးမှူး

Orniece Hill
ကျောင်းသားပံ့ပိုးရေး ဝန်ဆောင်မှုများ လက်ထောက်ကြီးကြပ်ရေးမှူး

www.buffaloschools.org

ပညာရေးဘုတ်အဖွဲ့သည် ၎င်း၏ ပညာရေးပရိုဂရမ်၊ ဝန်ဆောင်မှုနှင့် လှုပ်ရှားမှုများတွင် အသက်၊ ဘာသာအယူဝါဒ၊ မသန်စွမ်းမှု၊ အိမ်ထောင်ရေး အခြေအနေ၊ မူလနိုင်ငံ၊ လူမျိုး၊ အသားအရောင်၊ ကျား/မသတ်မှတ်မှု (သို့) လိင်တိမ်းညွတ်မှုပေါ် အခြေခံပြီး ခွဲခြားဆက်ဆံမှု မပြုပါ။

ဤခွဲခြားဆက်ဆံခြင်းမရှိသည့် မူဝါဒနှင့် ပတ်သက်သော စုံစမ်းမေးမြန်းမှုများကို 720 City Hall, Buffalo, NY 14202 တွင် (သို့) 716-816-3500 ကို ခေါ်ဆိုခြင်းဖြင့် လူသားရင်းမြစ်များ အကြီးအကဲ Tami Hollie-McGee ထံ ညွှန်းပို့ပါမည်။

www.buffaloschools.org